AMATA
HOLDING
PUBLIC CO., LTD.

# ကုမ္ပဏီ၏ လုပ်ငန်းတစ်ခု ရောင်းချခြင်းဆိုင်ရာ ကြေညာချက်

၂၀၂၃ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဒါရိုက်တာအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ" နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီခွဲများ စုပေါင်း၍ "ကုမ္ပဏီအုပ်စု") ၏ ဒါရိုက်တာအဖွဲ့အနေဖြင့် ကုမ္ပဏီသည် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် "My Hpa-An Residence by Amata" ကို Awinka Holding Company Limited သို့ ရောင်းချရန် နှစ်ဘက် ဖြည့်ဆည်းရမည့်အချက်များ ပါဝင်သည့် အရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

"My Hpa-An Residence by Amata" သည် ဘားအံမြို့နယ်၊ ကရင်ပြည်နယ်၊ မြန်မာနိုင်ငံတွင် တည်ရှိပြီး ဟိုတယ်တည်ရှိရာ မြေနေရာသည် Awinka Holding Company Limited အမည်ဖြင့် အမည်ပေါက်ပြီး ဦးဝင်းအောင်နှင့် ဒေါ်နေမြတ်သူအောင်တို့မှ အများစုပိုင်ဆိုင်ပါသည်။

## အရောင်းအဝယ်ဆိုင်ရာ အချက်အလက်

ရောင်းချသည့်လုပ်ငန်း၏ ထည့်သွင်းတွက်ချက်ထားသော အရောင်းအဝယ်တန်ဖိုး ကျပ် (၁,၄၀၃)သန်း မှာ အရောင်းအဝယ် ပြီးမြောက်ချိန်တွင် ဖော်ပြထားသည့် အသားတင် အခြေခံတန်ဖိုးပေါ်မှ ရယူထားခြင်း ဖြစ်ပါသည်။

## အခြေခံ အကြောင်းအရင်း

အနာဂတ်အတွက် ပြင်ဆင်ရန်နှင့် မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍ၏ စီးပွားရေး စိန်ခေါ်မှုများအပေါ် ဆန်းစစ် အကဲဖြတ်၍ "My Hpa-An Residence by Amata" အား ရောင်းချပြီး ရရှိမည့်ငွေကို အနာဂတ် စီးပွားရေး အခွင့်အလမ်းသစ်များတွင် အစားထိုး ရင်းနှီးမြှုပ်နှံခြင်းနှင့် ပတ်သက်ဆက်နွယ်သူများထံသို့ ပေးရန်ရှိ များကို ပေးဆပ်ခြင်းသည် ကုမ္ပဏီအတွက် အကောင်းဆုံးလုပ်ဆောင်ချက် ဖြစ်မည်ဟု ဒါရိုက်တာအဖွဲ့ အနေဖြင့် သုံးသပ်ဆုံးဖြတ်ခဲ့ပါသည်။

## ဂရုပြုရန်

ယခုကြေညာချက် ထုတ်ပြန်ချိန်တွင် ဤအရောင်းအဝယ်ကြောင့် Amata ကုမ္ပဏီအုပ်စု၏ လုပ်ငန်း စွမ်းဆောင်မှု အပေါ်တွင် တစ်စုံတစ်ရာ ထိခိုက်မှုရှိနိုင်မည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဦးဝင်းအောင်
ဥက္ကဋ္ဌ
၂၀၂၃ ခုနှစ်၊ ဧပြီလ ၇ ရက်